- " ငါကိုယ်တော်မရှိသည့် နောက်တွင် သင်တို့အတွက်

ငါကိုယ်တော်စိုးရိမ်တော်မူသည့် အရာများထဲမှတစ်ခုမှာလောကီ၏စည်းစိမ်အလှအပတွေဟာ သင်တို့အတွက်

ဖွင့်ချပေးခြင်းခံရမည်ကို ဖြစ်သည်

အဘူစအီဒ်ခုဒ်ရီ ( ရဿွိယလ္လာဟုအန်ဟု ) ကဆင့်ပြန်ခဲ့သည်။ တစ်ရက်‌သော အခါ
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မင်န်ဗရ်‌ပေါ်တွင်
ထိုင်တော်မူပြီး ကျွန်ုပ်တို့သည်လည်း ကိုယ်တော်၏ပတ်ပတ်လည်တွင် ထိုင်ခဲ့ကြသည်။
ထို့နောက် ကိုယ်တော်မြတ်က မိန့်တော်မူသည်- " ငါကိုယ်တော်မရှိသည့် နောက်တွင်
သင်တို့အတွက် ငါကိုယ်တော်စိုးရိမ်တော်မူသည့် အရာများထဲမှတစ်ခုမှာ
လောကီ၏စည်းစိမ်အလှအပတွေဟာ သင်တို့အတွက် ဖွင့်ချပေးခြင်းခံရမည်ကို ဖြစ်သည်။" ထိုအခါ လူတစ်ဦးက လျှောက်ထားသည်- "အို- အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၊
ကောင်းမှုသည် မကောင်းမှုကို ယူဆောင်လာနိုင်ပါသလား" ထိုအခါတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် တိတ်ဆိတ်စွာ နေတော်မူခဲ့သည်။ထို့ကြောင့် (လူတို့က) ထိုလူ့အား ပြောဆိုကြသည်- " အသင် ဘာဖြစ်နေတာလဲ၊ အသင်က
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ကို စကားပြောနေပေမယ့် ကိုယ်
တော်ကအသင့်အား စကားပြောတော်မမူဘူး (ပြန်လည်ဖြေကြားတော်မမူဘူး။)
ထိုအချိန်တွင်ပင် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) အပေါ်
ဝဟီဗျာဒိတ်တော် ကျရောက်နေသည်ကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရသည်။ ထို့နောက်
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် (နဖူးမှ) ချွေးများကို
သုတ်တော်မူပြီးနောက် မိန့်တော်မူသည်- "မေးမြန်းသူသည် မည်သည့်နေရာတွင်ရှိသနည်း။ကိုယ်တော်သည် မေးမြန်းသူအား ချီးကျူးခဲ့ဟန်တူသည်။ ထို့နောက် မိန့်တော်မူသည်- "ကောင်းမှုသည် မကောင်းမှုကို မယူဆောင်လာနိုင်ပေ။ သို့သော် နွေဦးရာသီတွင်
ပေါက်ရောက်သော မြက်ပင် (ကဲ့သို့သော လောကီစည်းစိမ်) သည် (အလွန်အကျွံစားသောတရိစ္ဆာန်ကို) အသက်ဆုံးရှုံးစေသည် သို့မဟုတ် အသက်ဆုံးရှုံးလုနီးနီး
ဖြစ်စေတတ်သည်။ သို့ရာတွင် စိမ်းလန်းသောမြက်ပင်များကို စားသော တိရစ္ဆာန်သည်ဝမ်းဗိုက်ပြည့်‌အောင်စားပြီးသောအခါ နေရောင်ဘက်သို့ မျက်နာမူလိုက်သည် (နေပူစာလှုံလိုက်သည်။) ထို့နောက် ကျင်ကြီးကျင်ငယ် စွန့်လိုက်ပြီး၊ ပြန်လည်စားသည်။
(ထိုသို့သော တိရစ္ဆာန်ကိုမူ မသေစေနိုင်ပေ။) ဧကန်စင်စစ် ဤဥစ္စာဓနသည်
စိမ်းလန်းစိုပြေပြီး ချိုမြိန်သောအရာ ဖြစ်သည်။ မိမိ၏ဥစ္စာဓနများထဲမှ ဆင်းရဲသား၊မိဘမဲ့ ကလေးနှင့် ခရီးသွားတို့အား ပေးကမ်းသူသည် အလွန်ကောင်းမွန်သည့်
မွတ်စ်လင်မ်ဖြစ်သည်။ (သို့မဟုတ်) တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)
မိန့်တော်မူသည့်အတိုင်းပင် ဖြစ်သည်။ သို့ရာတွင် ယင်းဥစ္စာဓနများကို မတရားသော
နည်းလမ်းဖြင့် ရှာဖွေရယူထားသူသည် စားသောက်သော်လည်း ဗိုက်မပြည့်သည့်သူနှင့်
တူပေသည်။ ထို့နောက် ယင်းဥစ္စာဓနများသည် ကိယာမတ်နေ့တွင် ၎င်းနှင့်ဆန့်ကျင်၍သက်သေထွက်ဆိုသူဖြစ်လိမ့်မည်။" [صحيح] [متفق عليه]

တစ်ရက်တွင် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မင်န်ဗရ်ပေါ်ထိုင်ကာ